**မေး။ နေထိုင်သူ အသစ်များသည် တစ်မိသားစုလုံး၏ ဝင်ငွေနှင့် ပိုင်ဆိုင်မှု စာရင်းကို မည်သို့ လျှောက်ထားရမည်နည်း။**

ဖြေ။ အောက်ပါ စာရွက်စာတမ်း အထောက်အထားများဖြင့် နီးစပ်ရာ အခွန်ရုံးခွဲ၊ အခွန် ကောက်ခံရုံး သို့မဟုတ် ဝန်ဆောင်မှုဌာန လုပ်ဆောင်မှုအပြည့် ကောင်တာသို့ သွားရောက် လျှောက်ထား နိုင်ပါသည်။

၁။ နိုင်ငံသား မှတ်ပုံတင် ရရှိပြီးသူ ဖြစ်လျှင်

(၁) မိမိ၏ မှတ်ပုံတင် မူရင်း

(၂)အိမ်ထောင်စုစာရင်းထဲမှ အိမ်ထောင်ဖက် နှင့် ၁၈နှစ်အထက် အိမ်သား၏ မှတ်ပုံတင်

(၃)၁၈နှစ် မပြည့်သေးသော သားသမီးများ၏ ပိုင်ဆိုင်မှု၊ ဝင်ငွေ အချက် အလက်ကို စုံစမ်း လိုပါက တရားဝင် ကိုယ်စားလှယ်၏ မှတ်ပုံတင် ပါရှိရမည့်အပြင် ၁၈နှစ် မပြည့်သေးသော သားသမီး မှတ်ပုံတင် မရှိလျှင် ၎င်းသားသမီးနှင့် မိဘ အကြား တော်ဆက်ပုံ အထောက်အထားကို တင်ပြရမည်။

(၄)ကိုယ်စားလှယ်လွှဲစာ (အိမ်ထောင်စုစာရင်းထဲမှ အိမ်ထောင်ဖက် နှင့် ၁၈နှစ်အထက် အိမ်သား သို့မဟုတ် ကိုယ်တိုင် မလာနိုင်သူတို့အတွက် စုံစမ်းရာ တွင် လိုအပ်မည်။)

(၅)ခွင့်ပြုစာ (အသက် ၁၈နှစ် မပြည့်သေးသော သားသမီးအတွက် စုံစမ်းရာ တွင် လိုအပ်မည်။)

(၆)ကိုယ်စားလှယ် ၏ မှတ်ပုံတင် မူရင်း (ကိုယ်တိုင် လာရောက်  လျှောက် ထားခြင်း မဟုတ်လျှင် လိုအပ်မည်။)

၂။ နေထိုင်ခွင့် ကတ်သာ ရှိလျှင်

မိမိ၏ နေထိုင်ခွင့်ကတ် မူရင်းအပြင် ကျန်ရှိသည်များမှာ အထက်ပါအပိုဒ် နံပါတ် (၂) မှ (၆)အထိ သတ်မှတ်ချက်နှင့် တူညီသည်။ သို့သော် ကိုယ်စားလှယ်သည်လည်း နေထိုင်ခွင့် ကတ်သာ ရှိသူ ဖြစ်နေလျှင်  နေထိုင်ခွင့် ကတ် မူရင်းကို တင်ပြရမည်။

**မေး။ နေထိုင်သူ အသစ်များသည် အထွေထွေ ဝင်ငွေခွန် ပေးသွင်းရန် မည်သို့ တင်ပြ လျှောက်ထား ရမည်နည်း။**

ဖြေ။

၁။ နိုင်ငံသား မှတ်ပုံတင် ရရှိပြီးသူ ဖြစ်လျှင်

အခွန် တင်ပြသော နည်းမှာ နိုင်ငံသားမှ အထွေထွေ ဝင်ငွေခွန်ကို တင်ပြနည်းနှင့် တူညီသည်။ နှစ်စဉ် မေလ ၁ရက်နေ့မှ မေလ ၃၁ရက်နေ့အတွင်း တွက်ချက်

လျှောက်တင်သော ဖောင်ကို ဖြည့်ပြီး အခွန်ရုံးခွဲ၊ အခွန် ကောက်ခံရုံး သို့မဟုတ် ဝန်ဆောင်မှု ဌာနသို့ လွန်ခဲ့သော နှစ်၏ စုစုပေါင်း အထွေထွေဝင်ငွေ ထဲတွင် ပါဝင်သော ကဏ္ဍနှင့် ပမာဏ၊ သက်ဆိုင်ရာ သက်သာခွင့်၊ ခုနှိမ်ခွင့်များကို သွားရောက် တင်ပြပြီး တစ်နှစ်ပတ်လုံး၏ ပေးသွင်းသင့်သော အခွန်ပမာဏအား သက်သာခွင့်နှင့် ခုနှိမ်ခွင့် တို့ကို နုတ်ပြီး ၎င်းမှ ထမ်းဆောင်သင့်သော အခွန်ပမာဏကို မတင်ပြမီ ကြိုတင် ပေးသွင်းနိုင်ပါသည်။

၂။ နေထိုင်ခွင့် ကတ်သာ ရှိလျှင်

(၁)နေထိုင်သူ အသစ်သည် ထိုနှစ်အတွင်း ရက်ပေါင်း ၁၈၃ ရက် ပြည့်အောင် မနေထိုင်ခဲ့ပါက

အခွန် ကိုယ်စား ကောက်ခံပေးသူသည် နေထိုင်သူ အသစ်အား နေထိုင်သူ မဟုတ်သူကြောင်း ထောက်ခံချက်လုပ်ပေးပြီး မေလတွင် ဝင်ငွေခွန် တွက်ချက် တင်ပြရန် မလိုပါ။ နေထိုင်သူ အသစ်သည် ပြည်တွင်း နေထိုင်သူ၏ အိမ်ထောင်ဖက်အနေဖြင့် နိုင်ငံသားနှင့် ပူးပေါင်းကာ အထွေထွေ ဝင်ငွေခွန်အား တွက်ချက် တင်ပြနိုင်သည်။

(၂)နေထိုင်သူ အသစ်သည် ထိုနှစ်အတွင်း ရက်ပေါင်း ၁၈၃ ရက် ပြည့်အောင် နေထိုင်ခဲ့ပါက

တင်ပြသောနည်းသည် နိုင်ငံသားမှ အထွေထွေ ဝင်ငွေခွန် တင်ပြသောနည်းနှင့် တူညီသည်။ သို့သော် နေထိုင်ခွင့်ကတ် ကိုင်ဆောင်ထားသဖြင့် နေထိုင်သူ အသစ်သည် မိမိကိုယ်ကို နိုင်ငံခြားသား အခွန်ထမ်းအဖြစ် ထမ်းဆောင်၍ နိုင်ငံသားအား အိမ်ထောင်ဖက်အဖြစ် ထားပြီး နိုင်ငံခြားသား အထွေထွေ ဝင်ငွေခွန် တင်ပြနိုင်သလို၊ နိုင်ငံသားမှ အခွန်ထမ်းအဖြစ် ထမ်းဆောင်၍ နေထိုင်သူ အသစ်အား ပြည်တွင်းနေထိုင်သူ၏ အိမ်ထောင်ဖက်အနေဖြင့် ထား၍ သာမန် အထွေထွေ ဝင်ငွေခွန်ကို တင်ပြနိုင်သည်။

မေး။ နေထိုင်သူအသစ်သည် အချိန်ပိုင်းအလုပ် လုပ်ပြီး ဝင်ငွေအနည်းငယ်သာ ရရှိသော်လည်း အခွန် ကြေညာရမှာလား။

ဖြေ။

(၁)အိမ်ထောင်မရှိသည့်အပြင် မိသားစုဝင်ကို ကျွေးမွေးပြုစုရန် မလိုအပ်သူ။

ဝင်ငွေသည် ထိုနှစ်၏ အခွန်ကင်းလွတ်ပမာဏ နှင့် ပုံမှန်ခုနှိမ်ပမာဏတို့၏ ပေါင်းစပ်ပမာဏကို မကျော်လွန်ပါက အခွန်ကြေညာရန် မလိုပါ။ သို့သော် ဝင်ငွေတွင်

"လစာဝင်ငွေ" ရှိသူသည် ခုနိမ်ခွင့်ရှိသော "လစာဝင်ငွေ အထူးခုနိမ်ပမာဏ" ကို ထပ်ပေါင်းနိုင်သည်။ ခုနိမ်ခွင့်ရှိသော အခွန်ကင်းလွှတ်ပမာဏ၊ ပုံမှန်ခုနိမ်ပမာဏ နှင့် လစာဝင်ငွေ အထူးခုနိမ်ပမာဏတို့ ပေါင်းထားသော ပမာဏကို မကျော်လွန်ပါက အခွန်ကြေညာရန် မလိုပါ။

(၂)အိမ်ထောင်ဖက်ရှိသူနှင့် မိသားစုဝင်ကို ကျွေးမွေးပြုစုရန် လိုအပ်သူ။
အထွေထွေ စုပေါင်းဝင်ငွေခွန်သည် အိမ်ထောင်စုအလိုက် ကြေညာရသဖြင့် အခွန်ထမ်း၊ အိမ်ထောင်ဖက်နှင့် ကျွေးမွေးပြုစုခံ မိသားစုဝင်၏ ဝင်ငွေအမျိုးမျိုးကို အခွန်ထမ်းမှ စုပေါင်းပြီး အခွန်ကြေညာရမည်။ ထို့ကြောင့် အချိန်ပိုင်း အလုပ် လုပ်ပြီး ရရှိလာသော ဝင်ငွေသည် အိမ်ထောင်ဖက်နှင့် ကျွေးမွေးပြုစုရမည့် မိသားစုဝင်၏ ဝင်ငွေနှင့် ပေါင်းပြီး အခွန်ဆောင်ရမည်။ တွက်ချက်ပြီးနောက် အခွန်ထမ်းသော အိမ်ထောင်စု၏ အထွေထွေစုပေါင်း ဝင်ငွေပမာဏသည်

(၁)အချက်တွင် ဖော်ပြထားသော ခုနိမ်ပမာဏကို မကျော်လွန်ပါက  အခွန်ကြေညာ ရန် မလိုပါ။ သို့သော် "ကြိုတင်ဝင်ငွေခွန်"ကို ပြန်အမ်းရန် လျှောက်ထား လိုသူသည် အခွန်ကြေညာမှသာ ကြိုတင်ဝင်ငွေခွန်ကို ပြန်အမ်းနိုင်မည်။

မေး။ အိမ်ထောင်ဖက်သည် နေထိုင်သူ အသစ်ဖြစ်သည်။ လက်ထပ်ပြီး နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ နှစ်စဉ် အထွေထွေ ဝင်ငွေခွန် ပေးသွင်းရန် ပူးပေါင်း တင်ပြခဲ့သည်။ မေလ အခွန် တင်ပြသော ကာလအတွင်း ဝင်ငွေ စစ်ဆေးရာ အဘယ့်ကြောင့် အိမ်ထောင်ဖက်၏ ဝင်ငွေနှင့် ခုနိမ်ပမာဏ အချက်အလက်ကို မတွေ့ရှိပါသနည်း။ မည်သို့ လုပ်ဆောင် ရမည်နည်း။

ဖြေ။ လက်ရှိ မေလပိုင်း တင်ပြသော ကာလအတွင်း အခွန်ထမ်းမှ ဝင်ငွေနှင့် ခုနိမ်ပမာဏကို စုံစမ်းရာတွင် အိမ်ထောင်ဖက်သည် နိုင်ငံသား မှတ်ပုံတင် နံပါတ် မရှိပါက အခွန်ထမ်း၏ မှတ်ပုံတင် နံပါတ်ဖြင့် နေထိုင်သူ အသစ် အိမ်ထောင်ဖက်၏ အချက်အလက်ကို မရရှိနိုင်ပါ။ နေထိုင်သူ အသစ် အိမ်ထောင်ဖက်၏ နေထိုင်ခွင့် ကတ်ဖြင့် စုံစမ်းပြီးမှသာ ပူးပေါင်း တင်ပြနိုင်မည်။

မေး။ ကျွန်မသည် နေထိုင်သူ အသစ် ဖြစ်ပါသည်။ ခင်ပွန်းသည်၏ အထွေထွေ ဝင်ငွေခွန် ထမ်းဆောင်ပမာဏ အစမ်းတွက်ချက် အကြောင်းကြားစာကို လက်ခံရရှိသော အခါ ကျွန်မ၏ အချက်အလက်များ အဘယ်ကြောင့် မပါရှိသနည်း။ မည်သို့ လုပ်ဆောင်ရမည်နည်း။

ဖြေ။ လက်ရှိ အခွန်ပမာဏ အစမ်း တွက်ချက် အကြောင်းကြားစာတွင် နိုင်ငံသား မှတ်ပုံတင် နံပါတ် ရှိသူ၏ အချက်အလက်သာ ပါဝင်မည်။ ပူးပေါင်း တင်ပြလိုပါက အလုပ်သမား၊ 2D သို့မဟုတ်

အင်တာနက်နည်းဖြင့် သက်ဆိုင်ရာ အချက်အလက်များကို ထပ်မံ ဖြည့်ရေး(လော့အင် လုပ်ပြီး ရေးဖြည့်)ပြီးမှသာ တင်ပြနိုင်မည်။

မေး။ အိမ်ထောင်ဖက်နှင့် မသင့်မြတ်ခြင်း သို့မဟုတ် အိမ်ထောင်ရေး အကြမ်းဖက်ခြင်း ခံရ၍ ခွဲနေပါသဖြင့် အခွန် ပူးပေါင်းတင်ပြရန်နှင့် တွက်ချက်ရန် ခက်ခဲလျှင် မည်သို့ လုပ်ဆောင်ရမည်နည်း။

ဖြေ။ ခွဲနေတာ နစ်ဝက်ကျော်ပြီ ဖြစ်ကြောင်း တရားရုံးသို့ လျှောက်ထားသော တရားရုံးမှ ခွင့်ပြုမိန့် သို့မဟုတ် အိမ်ထောင်ရေး အကြမ်းဖက်မှု ကာကွယ်မိန့် စသည့် တရားရုံးအထောက်အထား မိတ္တူကို တင်ပြနိုင်လျှင် အခွန် တင်ပြရာတွင် "ခွဲနေ" ဟု ရေးဖြည့်တင်ပြ ပါက အခွန်ပမာဏကို ခွဲတွက်နိုင်မည်။ ဆိုလိုသည်မှာ အိမ်ထောင် မရှိသူမှ အထွေထွေ ဝင်ငွေခွန်ကို သီးခြား တင်ပြသကဲ့သို့ လုပ်ဆောင်နိုင်သည်။ အထက်ပါ သတ်မှတ်ချက်နှင့် မကိုက်ညီ၍ ပူးပေါင်း အခွန် မတင်ပြနိုင်လျှင် တင်ပြလျှောက်လွှာတွင် အိမ်ထောင်ဖက်၏ အမည်နှင့် မှတ်ပုံတင် နံပါတ်ကို ရေးဖြည့်သင့် သည်။ အခွန်ရုံးမှ အခွန်ပမာဏကို ပူးပေါင်း တွက်ချက်မည်။ အကယ်၍ သီးခြား အခွန် တွက်ချက် လိုလျှင် လျှောက်လွှာ သီးခြား တင်ရမည်။

မေး။ နေထိုင်သူအသစ်သည် ထိုင်ဝမ်တွင် အလုပ်လုပ်သည်။ သို့သော် နိုင်ငံသား မှတ်ပုံတင် မရရှိသေးပါ။ ကြိုတင်ဝင်ငွေခွန် နုတ်ခံရထားလျှင် ပြန်အမ်းရန် မည်သို့ လျှောက်ထားရမည်နည်း။

ဖြေ။ နေထိုင်သူအသစ်သည် ထိုင်ဝမ်တွင် အလုပ်လုပ်သည်။ နိုင်ငံသားမှတ်ပုံတင် မရရှိမီ ကြိုတင်ဝင်ငွေခွန် နုတ်ခံရထား၍ ပြန်အမ်းရန် လျှောက်ထားလိုပါက ၎င်း၏ အိမ်ထောင်ဖက်နှင့် အထွေထွေစုပေါင်း ဝင်ငွေခွန် ကြေညာပြီးမှသာ အခွန်ကို ပြန်အမ်းနိုင်မည်။

မေး။ လင်မယားအကြား ပေးကမ်းရာတွင် ပေးကမ်းခွန် ထမ်းဆောင်ရပါသလား။

ဖြေ။ လင်မယားအကြား အပြန်အလှန် ပေးကမ်းသော ပစ္စည်းဥစ္စာကို စုစုပေါင်း ပေးကမ်းပမာဏထဲသို့ မထည့်တွက်ဘဲ ပေးကမ်းခွန် စည်းကြပ်မှု ကင်းလွတ်ပါသည်။ သို့သော် ပိုင်ဆိုင်မှု လွှဲပြောင်းရန် မှတ်ပုံတင်ရမည့် ကိစ္စများကို အခွန်ရုံးသို့ တင်ပြရပါမည်။ အခွန်ရုံးမှ စုစုပေါင်း ပေးကမ်းပမာဏထဲတွင် ထည့်တွက်ခြင်း မရှိကြောင်း ထောက်ခံချက် ထုတ်ပေးမည်။ ၎င်း ထောက်ခံချက်ဖြင့် လွှဲပြောင်းမှု ပြုလုပ်နိုင်သည်။

**မေး။ မိမိဘာသာ ဆိုင်ဖွင့်ပြီး စီးပွားရေးလုပ်သည်။ လုပ်ငန်းလိုင်စင် မည်သို့ လျှောက်ထား ရမည်နည်း။ ရောင်းဝယ်ခွန်ကို မည်သို့ ကောက်ခံပါသနည်း**

ဖြေ။

(၁)ပုံမှန်ဆိုင်သည် လုပ်ငန်းမစမီ ဆိုင်တံဆိပ်တုံး၊ လူပုဂ္ဂိုလ်တံဆိပ်တုံး၊ နိုင်ငံသား မှတ်ပုံတင်နှင့် ဆိုင်ဖွင့်ရန် လိုင်စင်လျှောက်လွှာ ရေးဖြည့်ပြီး မိမိမြို့နယ်၏ အခွန်ရုံးတွင် အခွန်ထမ်းမှတ်ပုံတင်ရမည်။

(၂)ပစ္စည်းရောင်းချခြင်း (ဥပမာ။ စားသောက်ဆိုင်သေး၊ အထည်ဆိုင်) လစဉ်ရောင်းအား ထိုင်ဝမ်ငွေ ၈သောင်းပြည့်လျှင် သို့မဟုတ် ဝန်ဆောင်မှု ရောင်းချခြင်း (ဥပမာ။ လက်သည်း အလှပြင်ဆိုင်) လစဉ်ရောင်းအား ထိုင်ဝမ်ငွေ ၄သောင်းပြည့်လျှင် ရောင်းဝယ်ခွန် ကောက်ခံမည်။

(၃) လစဉ်ရောင်းအား ထိုင်ဝမ်ငွေ ၂သိန်း မပြည့်လျှင် ရောင်းရငွေ ပမာဏ၏ ၁%ကို ရောင်းဝယ်ခွန်အဖြစ် ကောက်ခံသည်။ ပျမ်းမျှလစဉ်ရောင်းအား ထိုင်ဝမ်ငွေ ၂သိန်း ပြည့်လျှင် နိုင်ငံတော် ဘောက်ချာ အသုံးပြုရမည်။ နိုင်ငံတော် ဘောက်ချာအသုံးပြုသော လုပ်ငန်းသည် ရောင်းရငွေ ပမာဏ၏ ၅%ဖြင့် အထွက်တွင် တိုးလာသော တန်ဖိုးခွန် (output VAT)မှ အဝင်တွင် တိုးလာသော တန်ဖိုးခွန်(input VAT)ကို နုတ်ပြီး ပေးသွင်းရမည့်အခွန်ကို တွက်ချက်ရမည်။ ၂လတကြိမ် အခွန်ရုံးသို ရောင်းဝယ်ခွန် ကြေညာပြီး အခွန်ဆောင်ရမည်။

**မေး။ အင်တာနက်ပေါ်တွင် ပစ္စည်း ရောင်းချလျှင် လုပ်ငန်းမှတ်ပုံတင်ရန် လိုအပ်ပါသလား။**

ဖြေ။ အင်တာနက်ဖြင့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု ရောင်းချရာတွင် ထိုလ၏ ပစ္စည်းရောင်းရငွေသည် ထိုင်ဝမ်ငွေ ၈သောင်း မပြည့်လျှင်၊ ဝန်ဆောင်မှု ရောင်းရငွေ ထိုင်ဝမ်ငွေ ၄သောင်း မပြည့်-လျှင် အခွန်ထမ်းမှတ်ပုံတင်ရန် ခေတ္တကင်းလွှတ်ခွင့် ရှိသည်။ သို့သော် ထိုလ၏ ပစ္စည်းရောင်းရငွေသည် ထိုင်ဝမ်ငွေ ၈သောင်း ပြည့်လျှင်၊ ဝန်ဆောင်မှု ရောင်းရငွေ ထိုင်ဝမ်ငွေ ၄သောင်း ပြည့်လျှင် အခွန်ရုံးသို့ အခွန်ထမ်းမှတ်ပုံတင်ပြီး ရောင်းဝယ်ခွန်ကြေညာ ပေးသွင်းရမည်။